the voice of spring

31.5.2021 · Monday · No . 56 · Daily News Pamphlet

## မင်းတပ်၊ ကျေးရွာ(၁၄)ရွာရှိ စစ်ဘေးရှောင်(၅၀၀)ခန့်အတွက် သိန်း(၃၀)တန်ဖိုးရှိဆေးဝါးများ NUG ပံ့ပိုးခဲ့

သတင်းတို

ရင်းမြစ် – NUG မှ

## ဥရောပရှိ NUG/CRPH Supporter လုပ်ငန်းအဖွဲ့များနှင့် NUG ပြည်ထောင်စုဝန်ကြီးများ တွေ့ဆုံဆွေးနွေးခဲ့ကြ

သတင်းတို

ရင်းမြစ် – NUG မှ

## တရားရုံးရှေ့မှောက်၌ တရားဝင်အစိုးရအဖြစ် ကိုယ်စားပြုခွင့်ဆက်လက်ရရှိနိုင်ရန် ICJ နှင့် အဆင့်ဆင့် ဆောင်ရွက်လျက်ရှိပြီး (၂၀၁၆-၂၀၁၇)ခုနှစ်များအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ရသည့် ရိုဟင်ဂျာပြည်သူများ၏ ခက်ခဲကြမ်းတမ်းသော အခြေအနေများကို လွန်စွာစိုးရိမ်ပူပန်လျက်ရှိဟု NUG အစိုးရထုတ်ပြန်ကြေညာခဲ့

သတင်းတို

ရင်းမြစ် – NUG မှ

## ဖမ်းဆီးဖြိုခွဲမှုများကြားက ပြောက်ကြားသပိတ်များကို အရှိန်မပြတ် နေရာအနှံ့ ပြုလုပ်ခဲ့ကြ








မေလ(၃၀)ရက်၊ မုံရွာနှင့် မန္တလေးမြို့တို့၌ ပြုလုပ်ခဲ့သည့် လူအင်အားရာချီသော တပ်ပေါင်းစု ပြောက်ကြားသပိတ်စစ်ကြောင်းများကို တွေ့မြင်ရစဉ် -(ဓါတ်ပုံ – CJ )

## စစ်အုပ်စုထံ ပြည်သူ့ဘဏ္ဍာငွေများစီးဝင်မှုမရှိစေရန်တားဆီးခြင်းသာဖြစ်ပြီး ရေနံနှင့် သဘာဝဓါတ်ငွေ့ကုမ္ပဏီများ၏ ထုတ်လုပ်မှုကို ရပ်ဆိုင်းထားရန် တောင်းဆိုခြင်း မဟုတ်ကြောင်း၊ TOTAL ၏ ဆိုင်းငံ့လိုက်သည့် အမြတ်ငွေခွဲဝေမှုသည် အပြည့်အဝမဟုတ်ဘဲ (၁၀)ရာနှုန်းခန့်သာရှိကြောင်း NUG စီမံဘဏ္ဍာဝန်ကြီးဌာနမှ သတိပေးထုတ်ပြန်

သတင်းတို

ရင်းမြစ် – NUG မှ

## စစ်ကိုင်း၊ မိုးတားနှင့်ဟဲနားရွာအနီး၌ ကသာမြို့ PDF နှင့် KIA တို့ ပူးပေါင်းတိုက်ခိုက်ရာ စစ်အုပ်စု(၁၀)ဦးသေဆုံး

သတင်းတို

ရင်းမြစ် – RFA မှ

## ချင်းပြည်နယ်၊ ကန်ပက်လက်မြို့ မကြားရွာ၌ CDF နှင့် တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်အုပ်စု(၆)ဦး သေဆုံးခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် – RFA မှ

## ထိုင်းစစ်တပ်မှ အကြမ်းဖက်စစ်အုပ်စုတပ်များအတွက် ရိက္ခာများကို စက်လှေကြီးများအသုံးပြု၍ ကူညီပို့ဆောင်ပေးနေဟု KNU ထုတ်ပြန်ခဲ့

သတင်းတို

ရင်းမြစ် – ခေတ်သစ် မှ

ဖေဖော်ဝါရီ(၁)ရက်မှ မေ(၃၀)ရက်အထိ

ကျဆုံးသူဦးရေ - ၈၄၀ ဦး

အဖမ်းဆီးခံရသူဦးရေ- ၅၅၂၉ ဦး

ဝရမ်းထုတ်ခံရသူဦးရေ- ၁၈၈၁ ဦး

ရင်းမြစ် – အေအေပီပီမှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့်ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံးဝ)မရပ်တန့်စေရ။

the voice of spring

31.5.2021 · Monday · No . 56 · Daily News Pamphlet

# သတင်းမှတ်စု

မေလ(၃၀)ရက်၊ ၂၀၂၁



- ဖာပွန်သို့ ရိက္ခာနှင့် ဆေးဝါးများ ပို့ဆောင်သည့် ကား (၁၁) စီးပါ ယာဉ်တန်းကို KNU က ကြားဖြတ်တိုက်ခိုက်မှု နစ်ကြိမ် ပြုလုပ်ခဲ့ရာ စစ်အုပ်စုဘက်ကမှ (၄)ဦးသေဆုံးကာ ကားနှစ်စီး ပျက်စီးခဲ့ဟုသိရ။
- အင်းတော်ကြီးဒေသ နန့်မွန်ရှိ ပြည်သူ့စစ်စခန်းနှင့် စစ်အုပ်စု၏ တောင်ထိပ်ကင်းစခန်းတို့ကို နံနက်အစောပိုင်း၌ KIA က ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး နံနက်(၁၁)နာရီခွဲခန့်ကလည်း ပူတာအိုမြို့နယ် တန်ဂျာကျေးရွာတွင် အင်အား(၅၀)ခန့် ပါဝင်သည့် စစ်အုပ်စု၏ ယာဉ်တန်းကို အင်ဒေါင်ဘွမ့်တောင်ခြေ၌ ကြားဖြတ်တိုက်ခိုက်ခဲ့ဟုသိရ။
- လက်နက်ရှိသည်ဟု ဆိုကာ သတင်းပေးဒလန်များ တိုင်ကြားခြင်းကြောင့် ပုဂံမြို့သစ်ရှိ ရုံးတန်းနှင့် မှန်ချိုရပ်ကွက်တို့တွင် စစ်အုပ်စုက နံနက်(၁)နာရီခန့်က စီးနင်း၍ အိမ်တံခါးကို သေနတ်နှင့် ပစ်ဖောက်ချိုးဖျက်ရာ ကိုမိုးမြင့်အောင် ဝမ်းဗိုက်ကျည်ထိမှန်ခဲ့ပြီး ကျဆုံးခဲ့ဟု သိရ။
- မြင်းခြံမြို့နယ်၊ သပြေသာရွာနေ စစ်ကျွန်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေကို အမည်မသိသူများက သေနတ်နှင့် ပစ်သတ်ခဲ့ဟုသိရ။
- တန့်ဆည်မြို့နယ်၊ ကာပေါင်းကကျေးရွာ၌ မေ(၂၉)ရက်တွင် စစ်အုပ်စုက ဝင်ရောက်စီးနင်းခဲ့ပြီး လေဖြတ်ဝေဒနာ ခံစားနေရသူတဦးအပါအဝင် ရွာခံလေးဦးကို ဖမ်းဆီးသွားသည့်အပြင် နေအိမ်များ ဖျက်ဆီးခြင်း၊ စားနပ်ရိက္ခာနှင့် အိမ်မွေးတိရစ္ဆာန် (ကြက်၊ ဝက်) များကို လုယက်ခဲ့ကြဟုသိရ။



- ဧရာဝတီ၊ ပုသိမ်မြို့ တိုင်းရဲတပ်ဖွဲ့မှူး အိမ်အနီး၌ ကင်းစောင့်နေသည့် ရဲ(၂)ဦး၊ မေ(၂၉)ရက် ညပိုင်းက စကားများပြီး ပစ်ခတ်ရာ (၁)ဦး သေဆုံးခဲ့ဟုသိရ။
- ထားဝယ်မြို့ပေါ် ကြက်စာပြင်နှင့် ဘုမွှော်ရပ်ကွက်ရှိ ဘုမွှော်ရွာလယ်တံတား၊ သံတံတား ကြီးအပါအဝင် တံတားလေးစင်းအား စစ်အုပ်စုလက်နက်ကိုင်များက သံဆူးကြိုးများဖြင့် ပိတ်ထားလိုက်ကာ ရပ်ကွက်တွင်းလမ်းများကိုလည်း ပိတ်ဆို့ရန် ပြင်ဆင်မှုများရှိနေသည်ဟု သိရ။
- ရန်ကုန်-အင်းစိန်လမ်းမကြီးပေါ် ဘူတာရုံမှတ်တိုင်အနီးရှိ Top အားကစား လေ့ကျင့်ရေးသင်တန်းခန်းမအနီး နံနက်(၇)နာရီခွဲခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့။
- မြင်းခြံမြို့ အ.ထ.က (၂) ကျောင်း၌ နံနက်(၈:၂၀)ခန့်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး စစ်အုပ်စု တပ်စွဲထားသည့် မြို့အဝင် ဘီးခွန်ဂိတ်တွင်လည်း ပေါက်ကွဲမှု ဖြစ်ပွားခဲ့။
- ရွှေပြည်သာမြို့နယ်၊ (၆) ရပ်ကွက်၊ မဲခေါင်လမ်းရှိ ပညာရေးမှူးရုံး၌ နံနက် (၆:၁၀) မိနစ်ခန့်၊ (၅) ရပ်ကွက်၊ နှင်းဆီပန်းခြံ (၂) လမ်းရှိ စစ်ကျွန်ရာအိမ်မှူးအမျိုးသမီး မနင်းဆီ (ခ) အပုမ အိမ်တွင် နေ့လယ်(၂:၅၀) ခန့်၌ ပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီး ထိခိုက်သူမရှိခဲ့သော်လည်း နေ့လယ်(၁၂) နာရီကျော်ခန့်က အမှတ်(၆)ရပ်ကွက် အုပ်ချုပ်ရေးရုံး၌ ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုတွင် အမိုက်ကောက်သည့် ကလေးငယ်တဦးနှင့် အမျိုးသားတဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ဟုသိရ။
- သပိတ်မှတ်စု
- ရန်ကုန်၊ မြောက်ဒဂုံ၊ ပုဇွန်တောင်နှင့် ဗိုလ်တထောင်လူငယ်များ၊ ဒလ။ မန္တလေး၊ တပ်ပေါင်းစု၊ အောင်မြေသာစံ၊ ရတနာပုံ၊ တက္ကသ၊ သံဃသမဂ္ဂ၊ အမရပူရ ပညာရေး မိသားစုများ။ မြင်းခြံ။ မိုးကုတ်။ ညောင်ဦး။ ပြင်ဦးလွင်။ ပခုက္ကူ။ ကမ္မ။ ရေဦး။ မုံရွာ။ ရွှေဘို။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်။ တန့်ဆည်။ ဝက်လက်၊ တည်တောရွာ။ မြိုင်၊ နမ်းစားကျင်းရွာ။ ကျွန်းလှမြို့နယ်၊ သရက်ပင်ရွာ။ ဘုတလင်မြို့နယ် ဘီသျှူး၊ ငပယင်းနှင့် အုတ်ဖိုရွာ။ ရေနံချောင်း။ မိုးကောင်း။ ကလေးမြို့။ ရေဖြူ၊ ကံပေါက်။ ထားဝယ်။ လောင်းလုံမြို့နယ်၊ မောင်းမကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြ၊ တီဇစ် ကျေးရွာများ။ မြိတ်။ သရက်ချောင်း၊ ကနက်သီရိကျေးရွာ။ ဧရာဝတီ၊ မြန်အောင်။ ဖားကန့်မြို့၊တာမခန်၊ အေးမြသာယာ။ မွန်ပြည်နယ်၊ ပေါင်။ ရှမ်း-ကျောက်မဲမြို့ စသဖြင့် မြို့အသီးသီး၌ လူအင်အားရာချီသော သပိတ်စစ်ကြောင်းကြီးများ ဖြင့် ဆန္ဒဖော်ထုတ်ခဲ့ကြ။ ရင်းမြစ် - မဇ္ဈိမ

## နတ်မင်းများနှင့် စကားပြောခြင်း

ဝသုန္ဒြေနတ်မင်းကြီးရေ  
ကမ္ဘာမြေမှာ လူတွေကိုပဲ နေခွင့်ပေးပါ။

လောကပါလနတ်မင်းကလည်း  
အရှင့်ခုံရုံးမှာ အဓမ္မကို တရားစီရင်ဖို့  
ဘာလျှောက်လွှဲချက်တွေစောင့်နေတာတုန်း။

တရားသံတွေ လွှင်မနေတာသိလျှက်နဲ့  
သာသနာစောင့်နတ်မင်း  
ဘာအတွက် သက်ပြင်းချနေလဲ။

ပန်းတွေ မပွင့်ပေးချင်လည်း နေပါ  
စမ်းရေတွေ မအေးတော့ရင်လည်း နေပါ  
သေနတ်နဲ့ ကျည်ဆန်မြန်မြန်ပေးပါ။

အညာခွပ်ဒေါင်းနီ



မေလ(၃၀)ရက်၊ ဖားကန့်၊ တာမခန်မြို့သစ်၌ ပြည်သူ(၈၀၀) ကျော်သတ်ဖြတ်ခံရမှုကို မမေ့ကြောင်းသရုပ်ပြမှု-(ဓါတ်ပုံ-CJ)






fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com

**အရေးတော်ပုံ မုချ အောင်ရမည်**

**နွေဦးစကား ဒို့ပြောကြား**

"သွေးလည်းမအေးဘူး။ အရှုံးလည်း မပေးဘူး။ နိုင်ကို နိုင်ရမယ်။"